JUSTICE FOR MYANMAR

# သတင်းထုတ်ပြန်ချက်

**၂၀၂၃ ခုနှစ်၊ မေလ ၃၀ | မြန်မာ**

## ဂျပန်နိုင်ငံရဲ့ မြန်မာ့ရထားလမ်းစီမံကိန်းတွေက မြန်မာစစ်အုပ်စုရဲ့ ရာဇဝတ်မှုတွေကို အားပေးကူညီနိုင်တဲ့ အန္တရာယ်ရှိ

***ဖက်ဒရယ်ဒီမိုကရေစီ ကူးပြောင်းတဲ့ကာလအထိ ဖွံ့ဖြိုးရေးအကူအညီတွေကို ဂျပန်နိုင်ငံက ရပ်ဆိုင်းထားရမယ်***

ဂျပန်နိုင်ငံက မြန်မာစစ်တပ်ရဲ့ တရားမဝင်အာဏာသိမ်းကြိုးပမ်းမှုနောက်ပိုင်း မြန်မာနိုင်ငံအတွင်း ရထားလမ်းတည်ဆောက်မြှင့်တင်ရေးစီမံကိန်းတွေကို ဆက်လက်လုပ်ဆောင်ထားကြောင်း အများပြည်သူ သိရှိနိုင်တဲ့ သတင်းအချက်အလက်တွေနဲ့ လျှို့ဝှက်ပေါက်ကြားလာတဲ့ စာရွက်စာတမ်းတွေကို အခြေခံပြီး Justice For Myanmar က စုံစမ်းရေးသား ထုတ်ဖော်လိုက်ပါတယ်။

ဂျပန်နိုင်ငံတကာကော်ပိုရေးရှင်းတွေက အာဏာသိမ်းကြိုးပမ်းမှုမတိုင်မီ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) က ပေးအပ်ခဲ့တဲ့ ချေးငွေတွေနဲ့ တည်ဆောက်လျက်ရှိတဲ့ စီမံကိန်းတွေအတွက် မြန်မာ့မီးရထားလုပ်ငန်းထံမှ ဝင်ငွေ သန်းပေါင်းများစွာကို လက်ခံရရှိခဲ့ပါတယ်။

မြန်မာ့မီးရထားလုပ်ငန်းဟာ စစ်အုပ်စုက တရားဥပဒေမဲ့ ထိန်းချုပ်ထားတဲ့ နိုင်ငံပိုင်လုပ်ငန်းတစ်ရပ် ဖြစ်ပါတယ်။ အာဏာသိမ်းကြိုးပမ်းမှုနောက်ပိုင်း မြန်မာ့မီးရထားလုပ်ငန်းက ဝန်ထမ်းပေါင်း ၃၀၀၀၀ ထဲက ခန့်မှန်းခြေ ၉၀ ရာခိုင်နှုန်းဟာ စစ်အုပ်စုရဲ့ လက်အောက်မှာ တာဝန်ထမ်းဆောင်ဖို့ ငြင်းဆန်ပြီး သူတို့ရဲ့ အလုပ်အကိုင်တွေနဲ့ အသက်တွေကို ရင်းကာ ပြည်သူ့အာဏာဖီဆန်ရေးလှုပ်ရှားမှုမှာ ပါဝင်ခဲ့ကြတယ်။

ရထားလမ်းအဆင့်မြှင့်တင်ရေးစီမံကိန်းတွေကို ဆက်လက်လုပ်ဆောင်ခြင်းက စစ်အုပ်စုအတွက် တရားဝင်မှုပေးအပ်ခြင်းဖြစ်ပြီး၊ သူတို့ရဲ့ ထောက်ပံ့ပို့ဆောင်ရေးစွမ်းရည်ကို မြှင့်တင်ပေးတာဖြစ်ပါတယ်။

စစ်အုပ်စုက မြန်မာနိုင်ငံတဝန်း ရက်စက်ကြမ်းကြုတ်တဲ့ရာဇဝတ်မှုတွေကို အပြစ်ပေးအရေးယူခံရခြင်း တစ်စက်မှမရှိဘဲ ကျူးလွန်ရာမှာ စစ်သည်တွေ၊ စစ်လက်နက်ခဲယမ်းတွေနဲ့ တခြားထောက်ပံ့ရေးပစ္စည်း တွေကို သယ်ယူပို့ဆောင်ဖို့ ရထားတွေကို အသုံးပြုပါတယ်။

စစ်အာဏာသိမ်းကြိုးပမ်းမှုမတိုင်မီက ချုပ်ဆိုခဲ့တဲ့ နှစ်ဖက်သဘောတူစာချုပ်အရ အခုရထားလမ်းစီမံကိန်းတွေကို စစ်ရေးရည်ရွယ်ချက်အတွက် အသုံးပြုမှာမဟုတ်ကြောင်း Justice For Myanmar ဆီ JICA က ပြောကြားခဲ့တယ်။

ဒါပေမယ့်လည်း စစ်အုပ်စုက အဲ့ဒီရထားလမ်းတွေကို တလွဲအသုံးချမှာကို ဂျပန်အစိုးရနဲ့ စီမံကိန်းမှာပါဝင်တဲ့ ကော်ပိုရေးရှင်တွေအနေနဲ့ ကာကွယ်နိုင်မှာ မဟုတ်ပါဘူး။

မကြာသေးမီတုံးက စစ်အုပ်စုဟာ ဂျပန်နိုင်ငံက မြန်မာအရပ်သားပြည်သူတွေအတွက် လှူဒါန်းထားတဲ့ စက်လှေတွေကို ရခိုင်ပြည်နယ်အတွင်း သူတို့စစ်သည်တွေရွှေ့ပြောင်းဖို့ တလွဲအသုံးပြုခဲ့တာကို တွေ့ရှိခဲ့ပါတယ်။ ပြီးခဲ့တဲ့လအတွင်းမှာ ဒီကိစ္စနဲ့ပတ်သတ်ပြီးဂျပန်နိုင်ငံက စစ်အုပ်စုကို ဖြေရှင်းချက်ပေးဖို့တောင်းဆိုခဲ့ပြီး၊ နောက်ဆက်တွဲ အရေးယူဆောင်ရွက်မှုအသေးစိတ်တွေကို ထုတ်ပြန်ပြောကြားခြင်း မရှိခဲ့ပေ။

အဲ့ဒီ ရထားလမ်းမြှင့်တင်ရေးစီမံကိန်းတွေအောက်မှာ ဂျပန်နိုင်ငံနဲ့ အီးယူက နိုင်ငံစုံကော်ပိုရေးရှင်းတွေဟာ မြန်မာစစ်တပ် ခရိုနီကုမ္ပဏီတွေနဲ့ မိတ်ဖက်ဆောင်ရွက်ပြီး လုပ်ငန်းတွေကို လုပ်ဆောင်နေပါတယ်။ အများပြည်သူသိရှိနိုင်တဲ့ အချက်အလက်တွေ၊ Distributed Denial of Secrets ဆီကအပါအဝင်ဖြစ်တဲ့ လျှို့ဝှက်ပေါက်ကြားလာတဲ့ စာရွက်စာတမ်းတွေမှာ-

- စပိန်ကော်ပိုရေးရှင်း Construcciones y Auxiliar de Ferrocarriles (CAF) နဲ့ Mitsubishi Corporation တို့ဟာ စစ်အုပ်စုအတွက် မီးရထားအသစ်တွေကို ပံ့ပိုးပေးနေပါတယ်။

- Daiwa House လက်အောက်ခံကုမ္ပဏီ Fujita Corporation၊ Sumitomo Corporation နဲ့ Nippon Signal Co. Ltd. တို့က၂၀၁၉ ခုနှစ်အတွင်းချုပ်ဆိုခဲ့တဲ့ စာချုပ်အရ ရထားလမ်းနဲ့ ဘူတာရုံအဆင့်မြှင့်တင်ရေးလုပ်ငန်းတွေ၊ တံတားတည်ဆောက်ရေးလုပ်ငန်းတွေ၊ အချက်ပြဆက်သွယ်ရေးကိရိယာတွေ တပ်ဆင်တဲ့လုပ်ငန်းတွေကို လုပ်ဆောင်နေပါတယ်။ Fujita က ၂၀၂၂ ခုနှစ်အတွင်း ရန်ကုန်ကနေ ပဲခူးရထားလမ်းပိုင်းလုပ်ငန်းတွေအတွက် မြန်မာ့မီးရထားလုပ်ငန်းထံမှ အမေရိကန်ဒေါ်လာ ၁၅ သန်း ရရှိခဲ့ကြောင်း လျှို့ဝှက်ပေါက်ကြားလာတဲ့ အခွန်စာရင်းတွေအရ သိရတယ်။

- Tekken Corporation နဲ့ Rinkai Nissan Construction ကုမ္ပဏီတို့က၂၀၁၈ ခုနှစ်အတွင်း ချုပ်ဆိုခဲ့တဲ့ စာချုပ်အရ ပဲခူး-ညောင်လေးပင် ရထားလမ်းပိုင်းကို လုပ်ဆောင်လျက်ရှိပြီး၊ Tokyu

Construction က ညောင်လေးပင်-တောင်ငူ ရထားလမ်းပိုင်းအတွက် လုပ်နေပြီး၊ Toenec Corporation က ဆက်သွယ်ရေး နဲ့ အချက်ပြလုပ်ငန်းတွေ အဆင့်မြှင့်တင်မှုတွေကို လုပ်ဆောင်နေပါတယ်။

ဂျပန်အစိုးရရဲ့ ရထားလမ်းအဆင့်မြှင့်တင်ရေးစီမံကိန်းတွေမှာ ပါဝင်တဲ့ စီးပွားရေးလုပ်ငန်းတွေအနေနဲ့ မြန်မာနိုင်ငံ ဒီမိုကရေစီဖက်ဒရယ် အသွင်ကူးပြောင်းတဲ့အချိန်အထိ လုပ်ငန်းတွေကို ချက်ချင်းရပ်ဆိုင်းထားဖို့ Justice For Myanmar က တောင်းဆိုပါတယ်။

ဂျပန်နိုင်ငံအနေနဲ့ စစ်အုပ်စုနဲ့ သူရဲ့ စီးပွားရေးလုပ်ငန်းတွေအပေါ် ဒဏ်ခတ်ပိတ်ဆို့မှုတွေ ချမှတ်တာ၊ မြန်မာနိုင်ငံရှိ စီမံကိန်းတွေအတွက် ပံ့ပိုးပေးနေတဲ့ ဖွံ့ဖြိုးရေးအကူအညီတွေအားလုံးကို ရပ်ဆိုင်းခြင်းအားဖြင့် မြန်မာပြည်သူတွေနဲ့အတူ ရပ်တည်သင့်ပြီး၊ သူတို့ရဲ့ နိုင်ငံတကာတာဝန်တွေကို ဖြည့်ဆည်းသင့်ပါတယ်။

စပိန်အစိုးရအနေနဲ့ မြန်မာစစ်အုပ်စုနဲ့ လုပ်ဆောင်နေတဲ့ CAF ရဲ့ စီးပွားရေးလုပ်ငန်းကို စုံစမ်းစစ်ဆေးပြီး၊ အီးယူ ဒဏ်ခတ်ပိတ်ဆို့မှုတွေကို ချိုးဖောက်ခြင်းရှိနေတယ်ဆိုရင် အရေးယူဆောင်ရွက်မှုတွေကို အလျင်အမြန် လုပ်ဆောင်သင့်ပါတယ်။

**Justice For Myanmar ၏ ပြောရေးဆိုခွင့်ရှိသူ မရတနာမောင်က** "ရထားလမ်းအဆင့်မြှင့်တင်ရေးစီမံကိန်းတွေကို ဆက်လက်လုပ်ဆောင်စေခြင်းဟာ ဂျပန်အစိုးရက စစ်အုပ်စုကို တရားဝင်မှုပေးနေပြီး၊ မြန်မာပြည်သူတွေအပေါ် ကျူးလွန်နေတဲ့ အကြမ်းဖက်စစ်ဆင်ရေးကို ပံ့ပိုးကူညီပေးမယ့် အရင်းအမြစ်တွေကို ပေးအပ်နေတာ ဖြစ်ပါတယ်။

တရားမဝင်အာဏာသိမ်းကြိုးပမ်းမှုနောက်ပိုင်း စစ်အုပ်စုက လူပေါင်း ၃၅၀၀ ကျော်ကို သတ်ဖြတ်ထားပြီး၊ ၂၂၇၀၀ ကျော်ကို တရားဥပဒေမဲ့ ဖမ်းဆီးထားပါတယ်။ အရပ်သားပြည်သူတွေအပေါ် ရည်ရွယ်ချက်ရှိရှိလေကြောင်းတိုက်ခိုက်မှုတွေ၊ ဗုံးကြဲတိုက်ခိုက်မှုတွေ၊ မုဒိန်းကျင့်မှုတွေနဲ့ ညှဉ်းပန်းနှိပ်စက်မှုတွေ အပါအဝင် ရက်စက်ကြမ်းကြုတ်မှုကြီးတွေကို စစ်အုပ်စုက နေ့စဉ်နဲ့အမျှ ကျူးလွန်နေပါတယ်။

ဒီစီမံကိန်းကို ဆက်လက်လုပ်ဆောင်နေတဲ့အတွက် ဂျပန်နိုင်ငံနဲ့ အရေးပါတဲ့ နိုင်ငံစုံကော်ပိုရေးရှင်းတွေအနေနဲ့ အဲ့ဒီ နိုင်ငံတကာရာဇဝတ်မှုတွေမှာ ကြံရာပါပတ်သက်နိုင်တဲ့ အန္တရာယ်ရှိနေတာ ဖြစ်ပါတယ်။

ဂျပန်နိုင်ငံအနေနဲ့ မြန်မာပြည်သူတွေအတွက် လမ်းကြောင်းမှန်ကို ရွေးချယ်လျှောက်လမ်းဖို့ လိုအပ်ပါတယ်။ ဖွံ့ဖြိုးရေးအကူအညီစီမံကိန်းအားလုံးကို ရပ်ဆိုင်းဖို့လိုပါတယ်။ ဒါ့အပြင် စစ်အုပ်စုနဲ့ သူတို့ရဲ့ စီးပွားရေးလုပ်ငန်းတွေကို ဒဏ်ခတ်ပိတ်ဆို့မှုတွေ ချမှတ်ဖို့ လိုပါတယ်။

မြန်မာ့မီးရထားလုပ်ငန်းက မြန်မာစစ်ရာဇဝတ်ဂိုဏ်းရဲ့ အစိတ်အပိုင်း ဖြစ်ပြီး၊ သူနဲ့အတူ လုပ်ဆောင်နေတဲ့ စီးပွားရေးလုပ်ငန်းတွေအနေနဲ့ သူတို့ရဲ့ နိုင်ငံတကာလူ့အခွင့်အရေးတာဝန်တွေအရ လုပ်ငန်းဆက်ဆံရေးတွေကို တာဝန်ယူမှုရှိစွာ ဖြတ်တောက်ဖို့ လိုပါတယ်။

CAF ပါဝင်မှုက စစ်အုပ်စုနဲ့ စီးပွားရေးဆက်နွယ်မှုတွေ ဆက်လက်ရှိနေမှုအပေါ် စပိန်အစိုးရရဲ့ အီးယူအတွက် ဖြေရှင်းဖို့ လိုအပ်တဲ့ အရေးတကြီး မေးခွန်းတွေကို ဖြစ်ပေါ်စေပါတယ်" လို့ ပြောကြားခဲ့ပါတယ်။

## ပိုမိုသိရှိရန်

မြန်မာနိုင်ငံအတွင်း ဂျပန်နိုင်ငံ၏ ရထားလမ်းဆင့်မြှင့်တင်ရေးစီမံကိန်းများအကြောင်း ကျွန်ုပ်တို့၏ သတင်းဆောင်းပါးကို ယခုနေရာတွင် ဖတ်ရှုပါ။

Justice For Myanmar | media@justiceformyanmar.org
https://www.justiceformyanmar.org/ | Mirror:
https://justiceformyanmar.github.io/justiceformyanmar.org/
https://twitter.com/justicemyanmar | https://www.facebook.com/justiceformyanmar.org/

Justice For Myanmar သည် မြန်မာနိုင်ငံပြည်သူများအတွက် တရားမျှတမှုနှင့် တာဝန်ခံမှုရရှိရေး လှုပ်ရှားမှုကို လှုံ့ဆော်နေသည့် လျှို့ဝှက်တက်ကြွလှုပ်ရှားသူအုပ်စုဖြစ်ပြီး စစ်ဘက်ဆိုင်ရာစီးပွားရေးကို ရပ်တန့်ရန်နှင့် ဖက်ဒရယ်ဒီမိုကရေစီနှင့် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးရရှိရန် တောင်းဆိုထားသည်။